စကားပြောကြေးနန်း(နေပြည်တော်)
ရုံး ၀၆၇ - ၄၁၁၁၄၈
၀၆၇ - ၄၁၁၁၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ်။ ၁(က)(၃)၂၀၂၃(၇၉၆၀) ကလရ။
ရက်စွဲ။ ၂၀၂၃ခုနှစ်၊ဇူလိုင်လ( ၅ )ရက်။

အကြောင်းအရာ။ **ပညာသင်ဆုလျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကျန်းမာရေးဝန်ကြီးဌာန၏(၃-၇-၂၀၂၃)ရက်စွဲပါစာအမှတ်၊ ၀ကရ(ပြည်တွင်း/ပြည်ပ)/၁၇-၈/၂၀၂၃/၉၄၂၄။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ အိန္ဒိယနိုင်ငံသံရုံးမှ ကမ်းလှမ်းလာသည့် ပူးတွဲဖော်ပြပါ e-ITEC Online Short Training Programmes ပညာသင်ဆုများသို့ အရည်အချင်းပြည့်မီသော လုပ်ငန်းတာဝန်နှင့် ကိုက်ညီသည့် ဝန်ထမ်းများသည် သက်ဆိုင်ရာ Website မှတဆင့် လျှောက်ထားနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသဖြင့် လျှောက်ထားလိုသူများသည် သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်၏ ထောက်ခံချက်ဖြင့် https://itecgoi.in/e-itec တွင် သတ်မှတ်ရက်မတိုင်မီ တိုက်ရိုက်လျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်ထားသူများ၏ အမည်စာရင်းအား သင်တန်းအမည်၊ လျှောက်လွှာ၊ CV(Update)၊ ဘွဲ့လက်မှတ်မိတ္တူ၊ CDM ကင်းရှင်းကြောင်း ခံဝန်ချက်၊ ၂၀၂၁ခုနှစ်နှင့် ၂၀၂၂ခုနှစ်အတွင်း ရုံးတက်ရောက်မှုနှင့် လစာထုတ်ယူထားမှုမှတ်တမ်း အကျဉ်းချုပ်တို့နှင့်အတူ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ (၁၇-၇-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးပို့နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

5/7/2023

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာကျော်စိုးညွှန့်၊ညွှန်ကြားရေးမှူး)

ဖြန့်ဝေခြင်း-

(၁) ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများအားလုံး။
(၂) ပါမောက္ခချုပ်၊ တက္ကသိုလ်များအားလုံး။
(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝန်ထမ်းရေးရာ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
(၄) ညွှန်ကြားရေးမှူး(လူ့စွမ်းအားအရင်းအမြစ်)
— ဌာနတွင်းသို့ဖြန့်ဝေနိုင်ရေး အတွက် ပေးပို့အပ်ပါသည်။
(၅) ညွှန်ကြားရေးမှူး(သူနာပြု)၊ (သင်တန်းကျောင်းများသို့ ဖြန့်ဝေနိုင်ရေးအတွက် ပေးပို့ပါသည်။)

ပူးတွဲ

သင်တန်းဘာသာရပ်

## e-ITEC Online Short Training Programmes

| S.no | Institute Name | Start Date | End Date |
|---|---|---|---|
| 1. | Certificate Course in Web Application Programming | 10-7-2023 | 29-7-2023 |
| 2. | Ocean Governance and Security | 31-7-2023 | 4-8-2023 |
| 3. | Short Course on Remote Sensing and Digital Image Processing for Geoscientists | 1-8-2023 | 12-8-2023 |
| 4. | Certificate Course in Artificial Intelligence | 14-8-2023 | 1-9-2023 |
| 5. | Water Transmission and Distribution Engineering | 21-8-2023 | 25-8-2023 |
| 6. | Training on Fertilizer Quality Control at Central Fertilizer Quality Control & Training Institute Faridabad Haryana | 21-8-2023 | 1-9-2023 |
| 7. | English Language Proficiency | 21-8-2023 | 8-9-2023 |
| 8. | Enterprise Management Through Business Simulation | 21-8-2023 | 8-9-2023 |
| 9. | Maritime Security Laws | 28-8-2023 | 1-9-2023 |

ပူးတွဲ

<u>အရည်အချင်းသတ်မှတ်ချက်များ</u>

(၁) မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းအားလုံး နိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့် ပြုနိုင်ငံသားများကိုလည်းလျှောက်ထားခွင့်ပြုသည်။)

(၂) လျှောက်ထားသူသည် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံးအမှန်တကယ် အမှုထမ်းသက်(၁)နှစ်ရှိသူဖြစ်ရပါမည်။

(၃) အသက်ကန့်သတ်ချက်မှာ ပညာသင်ဆုကမ်းလှမ်းသည့်အဖွဲ့အစည်း၏ သတ်မှတ်ချက်အတိုင်း ဖြစ်ပြီး၊ သတ်မှတ်ချက်မရှိပါက အသက်(၅၅)နှစ်အောက်ရှိသူဖြစ်ရပါမည်။

(၄) နိုင်ငံခြားတွင်(၆)လနှင့်အထက် သင်တန်းတက်ရောက်ခဲ့သူဖြစ်ပါက မြန်မာနိုင်ငံသို့ပြန်ရောက်ပြီး အနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

(မှတ်ချက်။ ။လျှောက်ထားသူများစာရင်းအား ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြနိုင်ရေး အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်ပေးပို့နိုင်ပါရန် နှင့် Acceptance Letter ရရှိပြီးမှ တင်ပြလာပါက ဆက်လက်ဆောင်ရွက်ပေးမည် မဟုတ်ပါ။)